Forward



# Google ရဲ့ Android လမ်းပြမြေပုံအရ အသစ်ထွက်ရှိလာမယ့် OS များ

**Android ရဲ့ ဖွံ့ဖြိုးမှုနောက်တစ်ဆင့်တက်လိုက်ရင် Honeycomb အသစ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ ပြီးတော့ အဲဒါက mobile device တွေ အားလုံး အသုံးပြုကြမယ့် version ဖြစ်လာပါလိမ့်မယ်။**

Google က Android Honeycomb OS ကို မကြာသေးမီက ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒါက Mobile operating system တွေထဲက အကောင်းဆုံး tablet edition ကို ထုတ်လုပ်လိုက်တာပဲ ဖြစ်ပါတယ်။ လေ့လာသူတွေက Android ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး များပြားလှတဲ့မေးခွန်းတွေ ထုတ်လာနေကြပါတယ်။

အဓိကသိချင်ကြတာက နောက်ထပ်ပြီး ဘာတွေ ထွက်ပေါ်လာဦးမလဲ။ Android 3.0 ဟာ smartphone တွေအတွက် Honeycomb OS ဖြစ်လာမှာလား၊ ဒါမှမဟုတ် Froyo နဲ့ Gingerbread ဆိုတဲ့ phone လိုင်းမှာပဲ ရပ်တည်မလား။ Honeycomb ဆိုတဲ့ tablet ဘက်ကိုပဲ သီးခြားလမ်းခွဲထွက်သွားမလားဆိုတဲ့ လမ်းကြောင်း ၂ ခုကို တွေ့မြင်နေရပါတယ်။ Google ရဲ့ နောက်ဆုံးခန့်မှန်းချက်တွေအရ Android phone တွေက သုံးစွဲသူ ၉၀ ရာခိုင်နှုန်းလောက်နဲ့ အဓိကနေရာမှာ ရောက်ရှိနေပါတယ်။ Android 2.2 က Froyo ဖြစ်ပြီး Android 2.1 က Eclair ၊ Android 2.3 က Gingerbread အသီးသီး ဖြစ်ကြပါတယ်။

ခုလို ဖွင့်ချပြချက်တွေက ကျေးဇူးတင်စရာပါ။ ဒါမှသာ နောက်ဆုံးအခြေအနေကို ခန့်မှန်းပုံဖော်ကြည့်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် Android ရဲ့ အစီအစဉ်ကို လမ်းပြမြေပုံလို့ သတ်မှတ်ရပါမယ်။

Google က နောက်ဆုံးထုတ် smartphone OS ဖြစ်တဲ့

Gingerbread ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ အစောပိုင်းမှာ မိတ်ဆက်ပေးခဲ့ပါတယ်။ တခြား smartphone တွေဖြစ်တဲ့ Samsung ရဲ့ Nexus S နဲ့ HTC ရဲ့ Nexus One တွေက Gingerbread အထိ အဆင့်မြှင့်တင်ကြဖို့ မဆုံးဖြတ်နိုင်ကြသေးပါဘူး။

Android 3.0 ခေါ် Honeycomb OS ကို tablet တွေအတွက် အထူးစီမံတည်ဆောက်လာပါတယ်။ ဖေဖော်ဝါရီလ နှောင်းပိုင်းမှာ Motorola Xoom နဲ့အတူ Honeycomb ကို ပွဲထုတ်လာပါတယ်။ LG ၊ Samsung နဲ့ Toshiba တွေက ထုတ်လုပ်တဲ့ အဆင့်မြင့် tablet တွေကို ကျော်လွှားပြီး Apple ရဲ့ iPad 2 ဈေးကွက်ကိုပါ ဝင်ရောက်ယှဉ်ပြိုင်နေပါပြီ။

Honeycomb က ဈေးကွက်ယှဉ်ပြိုင်ပွဲမှာ အဓိက အားသာချက်တွေအဖြစ် tablet အခြေပြု အပြောင်းအလဲတွေ ပြုလုပ်ထားပါတယ်။ 3D graphic လုပ်ဆောင်နိုင်မှု၊ multitasking interface ပြင်ဆင်ချက်နဲ့ အစွမ်းထက်တဲ့ system notification ဆောင်ရွက်မှုတွေ ဖြစ်ပါတယ်။ အိမ်ကနေပြီး အဝေးတစ်နေရာမှာရှိတဲ့ စနစ်တစ်ခုခုနဲ့ တိုက်ရိုက်အသုံးပြု လုပ်ဆောင်စေနိုင်တဲ့ interactive widget တွေလည်း ပါရှိပါတယ်။ နောက်ဆုံး အနေနဲ့ application တွေကို tablet screen ပေါ်မှာ ဘေးတိုက်ခွဲစိတ်ပြီး အသုံးပြုနိုင်စေပါတယ်။

ဇန်နဝါရီလက ကျင်းပခဲ့တဲ့ consumer electronic show မှာ google ရဲ့ Android အသုံးပြုသူတွေထဲက ညွှန်ကြားရေးမှူး Matias Duarte က Honeycomb ဟာ Android ရဲ့ အဓိက ဦးတည်ချက်ပဲဖြစ်တယ်လို့ ပြောသွားပါတယ်။ Google ရဲ့ အရင် CEO Eric Schmidt ကလည်း အနာဂတ် Android ထုတ်လုပ်မှုတွေဟာ smartphone နဲ့ tablet တွေအတွက်

# လှုပ်ရှားပုံရိပ်များ ဖမ်းယူနိုင်သော ပစ္စည်းများ







## Kodak PlaySport

အကြမ်းခံပြီးဈေးချိုတဲ့ အိတ်ဆောင် camcorder တစ်လုံးကို ရှာနေပါသလား။ Kodak က အဆင့်မြှင့်တင်ထားတဲ့ play station model တစ်မျိုးရှိပါတယ်။ ဖုန်မှုန့်မဝင်၊ လျှပ်စစ် shock မဖြစ်နိုင်ဘဲ ရေအောက် ၁၀ ပေအထိ ရေစိမ်ခံနိုင်တဲ့ အမျိုးအစားဖြစ်ပြီး ပြင်ပမှာ လုပ်ရတဲ့လုပ်ငန်းတွေအတွက် အသင့်တော်ဆုံး ဖြစ်ပါလိမ့်မယ်။ ရောင်းဈေးက ဒေါ်လာ ၁၈၀ ဖြစ်ပါတယ်။

## Contour GPS

ဦးထုပ်မှာ တပ်ဆင်အသုံးပြုရတဲ့ ဒီ camera မှာ GPS ဖမ်းယူတဲ့စနစ် ပါရှိပါတယ်။ ဒါကြောင့် အသုံးပြုတဲ့သူရဲ့ သွားရာလမ်းကြောင်း၊ သွားတဲ့နှုန်း၊ ဧရိယာအနိမ့်အမြင့်တွေကို HD video ရိုက်သွားရင်း မှတ်သားသွားပါတယ်။ Contour ရဲ့ Storyteller application နဲ့ အလုပ်လုပ်နိုင်တဲ့ ဒီ camera က ဈေးနှုန်း ဒေါ်လာ ၃၅၀ ပေးရပြီး အချက်အလက်တွေကို *contour.com* ပေါ်ကို upload လုပ်ပြီးမှသာ မိမိရဲ့ မြေပုံနဲ့ video တွေ ပြန်ကြည့်လို့ရပါမယ်။

Honeycomb နဲ့ Gingerbread တို့ ပေါင်းစပ်ထားတာပဲ ဖြစ်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

ဖေဖော်ဝါရီလမှာ ကျင်းပခဲ့တဲ့ mobile world congress မှာ Schmidt က phone တွေအတွက် Gingerbread OS ရှိနေပြီဖြစ်ပြီး၊ tablet တွေအတွက် Honeycomb OS ကို ပွဲကြို ထုတ်ပြမယ်လို့ ပြောခဲ့ပါတယ်။ ဒီ ၂ မျိုးကို ပေါင်းစပ်ထားတဲ့ "I" နဲ့စတဲ့ ဆန်းသစ်မှုအသစ်တွေ ထပ်ပြီးထွက်ပေါ်လာလိမ့်ဦးမယ်လို့ ထပ်မံ ပြောကြားခဲ့ပါတယ်။

"I" နဲ့စထားတဲ့ ထုတ်လုပ်မှုတွေကတော့ Ice Cream ၊ ဒါမှမဟုတ် Ice Cream Sandwich ဖြစ်လိမ့်မယ်လို့ ထင်မြင်နေကြပါတယ်။ Gingerbread ကနေ Ice Cream ဖြစ်လာဖို့ဆိုရင် phone တွေအတွက် Gingerbread second version 2.4 ကို ထုတ်လုပ်တော့မယ့်သဘော သက်ရောက်ပါတယ်။

Version 2.4 ဟာ Honeycomb လို စွမ်းပကားရှိတဲ့ smartphone OS ကို မိတ်ဆက်လာတာ ဖြစ်နိုင်တယ်။ Google က သူ့ရဲ့အစီအစဉ်ကို တရားဝင် ကြေညာလိုက်ပြီးတဲ့နောက်မှာ HTC က နောက်ထုတ်မယ့် phone တွေမှာ 2.4 သုံးပြီး ထုတ်လုပ်တော့မယ်လို့ ဆိုလာပါတယ်။

တခြား OS တစ်ခုဖြစ်တဲ့ Chrome ကို laptop လို keyboard အသုံးနိုင်တဲ့ စက်မျိုးအတွက်ဖြစ်ပြီး Android ကိုကျတော့ phone နဲ့ tablet တွေအတွက် ဖြစ်တယ်လို့ Schmidt ကပဲ ပြောကြားခဲ့ပါတယ်။

Android လောကရဲ့ ဖွံ့ဖြိုးလာမှုတွေကို ပိုပြီး အသေးစိတ် သိရှိနိုင်ကြဖို့ ဆက်လက်မျှော်လင့် စောင့်စားနေကြရမှာ ဖြစ်ပါလိမ့်မယ်။ ■







## Liquid Image scuba series HD Wide Angle

ပင်လယ်အောက်ကို ရေငုပ်သွားရင်း ရုပ်ရှင်တွေရိုက်ယူနိုင်တဲ့ camera အမျိုးအစားဖြစ်ပါတယ်။ မျက်မှန်နဲ့တွဲပြီး တပ်ဆင်ထားတဲ့အတွက် လက် ၂ ဖက်စလုံး အသုံးပြုစရာ မလိုတော့ပါဘူး။ Liquid Image ရဲ့ ဈေးနှုန်းက ဒေါ်လာ ၃၅၀ ဖြစ်ပြီး HD video အမျိုးအစားဖြစ်တဲ့ 720p resolution ရရှိပါမယ်။ ရုပ်ရှင်ကို 30 frames per second နဲ့ ရိုက်ယူနိုင်ပြီး ရုပ်ငြိမ်ပုံတွေကို 5 megapixel နဲ့ ရိုက်ယူနိုင်ပါတယ်။

## GoPro HD Hero 960

Camera ကို ဦးထုပ်မှာပဲတပ်ပြီး သုံးရတာလား။ GoPro ရဲ့ HD Hero 960 camera ကတော့ မျက်နှာပြင်အကွေးရော အပြားမှာပါ တပ်ဆင်အသုံးပြုနိုင်ပါတယ်။ ပုံရိပ်တွေကို high-def အဆင့်နဲ့ ဖမ်းယူနိုင်တဲ့ ဒီ camera က ဈေးနှုန်း ဒေါ်လာ ၁၈၀ ဖြစ်ပါတယ်။ ■

# Brief

## ယာဉ်ကြောရှင်းတဲ့လမ်းကို ဦးတည်ပေးမယ့် google app



GPS navigation က ယာဉ်ကြော ပိတ်ဆို့နေတဲ့နေရာကို တည့်တည့်မတ်မတ် ညွှန်းလိုက်မိရင် မခက်ပါလား။ ဒါကြောင့် google က သူ့ရဲ့ Google Maps Navigation (Beta) Android app မှာ အစုလိုက်အပြုံလိုက် ယာဉ်တိုက်မှုတွေ၊ ယာဉ်ကြောပိတ်ဆို့မှုတွေနဲ့ လမ်းလုပ်ငန်းတွေကြောင့် နောက်ကြောင်း ပြန်လှည့်ရတာမျိုးတွေ ကင်းရှင်းစေဖို့ အလိုအလျောက် ဦးတည်ပေးနိုင်အောင် ပြုပြင်ပေးထားပါတယ်။ Google Maps Team ရဲ့ software engineer ဖြစ်သူ Roy Williams က သူတို့ရဲ့ GPS မှာ အချိန်ရော ဓာတ်ဆီဖိုးပါ သက်သာစေမယ့် အခြားလမ်းကြောင်းတွေလည်း ပေးထားတယ်လို့ blog post မှာ ပြောထားပါတယ်။ Android smartphone တွေမှာ ဒီစွမ်းဆောင်ချက်တွေ ရနေပါပြီ။

## Eye-tracking laptop နည်းပညာ

Multitouch နဲ့ ရွှေ့လျားမှုတွေသုံးပြီး ထိန်းချုပ်တာမျိုးတွေကို မေ့ပစ် လိုက်ပါတော့။ နောင်တစ် ချိန်မှာ PC အသုံးပြုသူတွေ မျက်လုံးနဲ့ computer ကို ထိန်းချုပ်နိုင်တော့မှာပါ။



မကြာသေးခင်က Germany နိုင်ငံ Hanover မြို့မှာ ကျင်းပတဲ့ CeBIT ဆွေးနွေးပွဲမှာ Tobii Technology က ရှေ့ပြေးပုံစံ laptop မှာ ဒီ eye tracking နည်းပညာကို ပြသခဲ့ပါတယ်။ Engadget blog ရဲ့ အဆိုအရ အံ့မခန်းလောက်အောင် လုပ်ဆောင်နိုင်တယ်လို့ သိရပါတယ်။

## ၂၀၁၂ မှစပြီး PC တွေ အကုန်လုံးမှာ WebOS ထည့်ပေးမယ့် HP




လာမယ့် ၂၀၁၂ မှာ HP ရဲ့ WebOS က phone ၊ tablet နဲ့ printer တွေအတွက်သာ မဟုတ်တော့ပါဘူး။ PC ထုတ်လုပ်သူက နောင်နှစ်က စပြီး သူတို့ရဲ့ laptop နဲ့ desktop model တွေအားလုံးမှာ WebOS ထည့်ဖို့ ကြိုတင်စီစဉ်နေပါပြီ။ HP ရဲ့ အလုပ်အမှုဆောင် Leo Apotheker က Bloomberg နဲ့ interview မှာ ဒီအကြံအစည်တွေကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ သူက WebOS ဟာ HP ကို ပြိုင်ဘက် PC တွေထက်သာအောင် ပံ့ပိုးပေးနိုင်မယ်လို့ မျှော်လင့်နေပါတယ်။

## အိပ်ရေးဝဖို့ လိုပါသလား။ gadget တွေ ပိတ်ထားလိုက်ပါ



National Sleep Foundation ရဲ့ စစ်တမ်းအရ အမေရိကန်လူမျိုး အားလုံးနီးပါးဟာ အိပ်ခါနီးအချိန်မှာ TV တွေ၊ တခြား အတိုအထွာတွေ အသုံးပြုနေတတ်တာတွေ့ရှိရပါတယ်။

ဒါဟာ အိပ်ပျော်ဖို့ခက်စေတဲ့အပြင် ကောင်းကောင်းအိပ်ပျော်စေတဲ့အကျင့်ကို အဟန့်အတားဖြစ်စေပါတယ်။ ဒီလိုအိပ်ခါနီး အတိုအထွာတွေသုံးတဲ့ အကျင့်ဆိုးမျိုးတွေကို လေ့လာသူတွေရဲ့ ၉၅ ရာခိုင်နှုန်းမှာ တွေ့ရှိရပါတယ်လို့ပြောကြားခဲ့ပါတယ်။။

# Google ရဲ့ CR-48 laptop

**Google Chrome OS Pilot Program သုံး laptop ကို Linux သုံးပြီး ထိုးဖောက်ဝင်ကြည့်နိုင်သလားဆိုတာ ကိုယ်တိုင်စမ်းနိုင်ဖို့ နည်းနည်းပြောပြချင်ပါတယ်။**

Google က CR-48 laptop ကို Chrome OS ရှေ့ပြေး program အတွက် design ထုတ်လုပ်လိုက်ပါပြီ။ *(find.pcworld.com/71691)* Chrome OS ဆိုတာ online အဖြစ်အသုံးပြုနေတဲ့ browser အမျိုးအစား operating system တစ်ခုဖြစ်ပါတယ်။

Online ထဲဝင်ပြီး Google Docs မှာ blog လုပ်ကြည့်နိုင်တယ်။ Gmail ထဲဝင်ပြီး email တွေ စိတ်တိုင်းကျ အသုံးပြုနိုင် တယ်။ Hulu နဲ့ Pandora တို့ရဲ့ ဝန်ဆောင်မှုကတစ်ဆင့် video/audio တွေ ကြည့်ရှုခံစားနိုင်တယ်။ ဒါပေမဲ့ user interface တစ်ခုလုံးဟာ browser ထဲမှာပဲရှိ နေတာကို တွေ့ရပါလိမ့်မယ်။



Ubuntu Linux ကိုသွင်းပြီး Google CR-48 laptop ကို brick လုပ်နိုင် hark လုပ်နိုင်ပါသေးတယ်

CR-48 ကို ဖေဖော်ဝါရီလစတင် ထုတ်လုပ်လာကတည်းက နေ့စဉ်အသုံးပြုကြည့်တော့ တော်တော် သဘောကျ နှစ်ခြိုက်စရာကောင်းတဲ့ OS လို့ ပြောလို့ ရပါတယ်။ Site တွေထဲက သဘောကျတာတွေ ကူးယူဖို့လုပ်တဲ့ အချိန်တချို့မှာ အနှောင့်အယှက်တွေ ကြုံရတာ ဝန်ခံရမှာပါ။ ဒါပေမဲ့ အဖိုးအခနည်းနည်း ပေးလိုက်တာနဲ့ ပြေလည်သွားပါတယ်။

တကယ်လို့ ကျွမ်းကျင်ထက်မြက်သူဖြစ်ခဲ့ရင် OS ကို ထိုးဖောက်ဝင်ရောက်ကြည့်ရတာ ပိုပြီး စိတ်ဝင်စားစရာ၊ ပျော်စရာကောင်းတာ တွေ့ရပါလိမ့်မယ်။ CR-48 မှာ Ubuntu ကို တင်ဖို့ Chromium Projects guide *(find.pcworld.com/71694)* ကို ယူကြည့်ရပါတယ်။ Ubuntu 10.10 (32 bit) သုံးထားတဲ့ desktop မှာ Chrome OS တင်ပေးဖို့ လိုတယ်လို့ project method က ဆိုပါတယ်။ 64-bit Linux ကနေပြီး တစ်ဆင့်တင်ကြည့်ပါလို့ ဆိုပါတယ်။

32 bit Linux နဲ့ ပတ်သက်တဲ့ "easy way" ဆိုတဲ့ လမ်းညွှန်ချက်ကို *find.pcworld.com/71692* မှာ တွေ့ရပါတယ်။ ဒီညွှန်ကြားချက်က ရှင်းပါတယ်။ 100MB file ပေါင်း ၅၂ ခုကို download ချယူရမှာကတော့ မလွယ်လှပါဘူး။ Connection နှေးရင်တော့ တော်တော်ကြာပါလိမ့်မယ်။ တစ်ဝက်တစ်ပျက်စီ ချယူလည်းရတယ်။ စိုးရိမ်စရာ မရှိပါဘူး။ Default "user" account ကနေပြီး step 12 ကို စပြီး run လုပ်ဖို့တော့ မမေ့ပါနဲ့။

Linux cgpt tool သုံးပြီး partition တွေ ဝင်ပြင်တာမျိုး မလုပ်ပါနဲ့။ Download လုပ်၊ reboot လုပ်နဲ့ fail ဖြစ်တာကို အကြိမ်ကြိမ်ကြုံရပါလိမ့်မယ်။ Chromium project method ရဲ့ လမ်းညွှန်ချက်ကို သေသေချာချာဖတ်ကြည့်ပြီးမှလုပ်စေချင်ပါတယ်။ ■

# သွားရည်ယိုစရာ ပစ္စည်းသစ်များ




## Samsung Series 9 laptops



**Samsung** က အသစ်ထုတ်လုပ်လိုက်တဲ့ ဒေါ်လာ ၁,၅၉၉ တန် **Series 9 laptop** ပါ။ **MacBook Air** ထက် ပိုပါးပြီး အကြမ်းခံအောင် စီမံထားပါတယ်။ အလေးချိန် မဖြစ်စလောက် ပိုပေါ့ပါးပြီး **memory** ပိုများပါတယ်။ ကိုယ်ထည်က **aircraft** တွေ တည်ဆောက်ရာမှာ အသုံးပြုတဲ့ **Duralumin** ပါ။ *(find. pcworld.com/71681)*




## Motorola Droid Bionic

Verizon ရဲ့ LTE 4G network မှာ အလွန်မြန်တဲ့ စွမ်းရည်ရှိတာ ဆန်းစစ်တွေ့ရှိပေမယ့် အသုံးပြုစရာ phone တွေ မပါရှိခဲ့ပါဘူး။ အခုတော့ Bionic မှာ စတင်ပါလာပြီး multitasking ပိုကောင်းစေတဲ့ 1GHz dual core processor နဲ့ high resolution 4.3 inch screen ပါပါတယ်။ *(find.pcworld. com/71682 )*






## Zediva streaming video

Hollywood ကန့်သတ်မှုတွေကြားမှာ တီထွင်ဖန်တီးမှုတွေသုံးပြီး Zediva က ရုပ်ရှင်တွေ ကြည့်နိုင်အောင် လုပ်ပေးနိုင်ပါတယ်။ ၂ ဒေါ်လာ ပေးရုံနဲ့ DVD ပေါ်က movie ကို စတင် ထုတ်လွှင့်လိုက်တဲ့နေ့ကစပြီး ၂ ပတ်ကြာတဲ့အထိ ကြည့်လို့ရမှာဖြစ်ပါတယ်။ *(find.pcworld.com/71684)*




## Vizio 65-inch Theater 3D TV

အမှန်တကယ် ကျယ်ဝန်းတဲ့ ဧည့်ခန်းရှိမယ်ဆိုရင် Vizio ရဲ့ 65-inch Theater 3D TV ကို ထားဖို့ စဉ်းစားကြည့်နိုင်ပါတယ်။ ဈေးနှုန်းဈေး ဒေါ်လာ ၃,၆၉၀ ရှိတဲ့ ဒီ LED set မှာ bluetooth universal remote ၊ built-in 802.11n Wi-Fi နဲ့ 3D မျက်မှန် ၄ စုံ ပါဝင်ပါတယ်။ *(find.pcworld.com/ 71683)* ■

# မိုးကြိုးလိုနှုန်းနဲ့ အချက်အလက်များ ရွှေ့ပြောင်းပေးခြင်း




Intel က data တွေ ဆက်သွယ် ရွှေ့ပြောင်းပေးတဲ့ မျိုးဆက်သစ် တစ်မျိုးကို ပွဲထုတ်လာပါတယ်။ အမြန်နှုန်းမြင့်ပြီး dual-protocol သုံးထားတဲ့ ဒီပစ္စည်းကို Thunderbolt လို့ နာမည်ပေးထားပါတယ်။ Thunderbolt မှာ လျှပ်စစ်ကြိုးတွေနဲ့ အဓိက ထိန်းချုပ်တဲ့စနစ်ပါရှိပြီး channal ၂ ခုကို 10 gigabit per second ရရှိပါမယ်။ PCI Express နဲ့ DisplayPort protocol တွေလည်း ပါရှိပါတယ်။ စုပေါင်း 40 gigabit per second ရရှိပါမယ်။ Bandwidth က device တွေ အများကြီး ခွဲထုတ်နိုင်ပါတယ်။ Thunderbolt လို Fire Wire 800 က ပစ္စည်း ၇ ခုအထိ တွဲဆက်အသုံးပြုနိုင်ပါတယ်။

Thunderbolt က အချက်အလက်တွေ ရွှေ့ပြောင်းရာမှာ CPU ကို ဝန်မပိစေပဲ PC ကို တခြားအလုပ်တွေ လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်စေပါတယ်။

အိမ်သုံးဖျော်ဖြေရေးပစ္စည်းတွေ တစ်စတစ်စ တိုးချဲ့ အသုံးပြုလာကြသလို data center တစ်ခုမှာလည်း ထိန်းချုပ်စရာ ပစ္စည်းတွေ၊ နေရာဒေသတွေ၊ တဖြည်းဖြည်း များပြားလာပါလိမ့်မယ်။ Thunderbolt က ဒီအတွက် အလွယ်တကူ ဖြေရှင်းပေးနိုင်ပါတယ်။

# Internet explorer 9 ကို ထိထိရောက်ရောက်သုံးနိုင်ဖို့

မတ်လတုန်းက မိတ်ဆက်ခဲ့တဲ့ Microsoft ရဲ့ Internet Explorer 9 ကို download လုပ်လို့ရပါတယ်။ *(find.pcworld.com/71686)* ပြင်ဆင်ချက်တွေမှာ taskbar shortcut နဲ့ dynamic jumplist တွေ၊ ကြီးမားကျယ်ပြန့်တဲ့ HTML5 အထောက်အကူပြုမှုတို့လို tool တွေနဲ့ graphic လုပ်ဆောင်ချက် ပိုကောင်းအောင် hardware အရှိန်မြှင့်ပေးတာတွေ ထပ်ထည့်ထားပါတယ်။ ဒါ့ပြင် လုပ်ငန်း စနစ်ကို ပိုမိုထိရောက်စေတဲ့ interface လည်း ပါဝင်ပါတယ်။




IE 9 ရဲ့ Stop-Tracking ဆိုတဲ့ လုပ်ဆောင်ချက်က site တွေ ကိုယ့်ကိုစောင့် မကြည့်နေအောင် လုပ်ပေးနိုင်ပါတယ်

## Site တွေ အတွဲလိုက်ထားပါ

Windows 7 ၊ ဒါမှမဟုတ် Vista အသုံးပြုပါက IE 9 က web app ထဲထည့်ချင်တဲ့ website တွေကို taskbar ထဲမှာ install လုပ်ပြီးထည့်ပါ။ Google Docs ၊ ဒါမှမဟုတ် Office Live Web Apps အသုံးပြုပါက taskbar ထဲမှာ တစ်ချက် click လုပ်ပြီး option ရွေးတာက အမှန်တကယ် အချိန်ကုန် သက်သာစေမှာပါ။ Pin လုပ်ချင်တဲ့ tab ပေါ်မှာ click လုပ်ပြီး taskbar ထဲ ဆွဲယူလိုက်ပါ။ Taskbar ပေါ်မှာ site ရဲ့ icon ကို မြင်တွေ့ရမှာပါ။ Icon ကို click လုပ်ပြီးအလျှင်အမြန် အသုံးပြုနိုင်ပါတယ်။

## Jumplists တွေကို စစ်ဆေးပါ

စိတ်ကြိုက် website အတွဲထဲက သွားချင်တဲ့စာမျက်နှာကို အမြန်ရောက်ဖို့ (site ပိုင်ဆိုင်သူက တားမြစ်ထားပါက) dynamic jumplists ကို အသုံးပြုနိုင်ပါတယ်။ တွဲထားတဲ့ facebook icon ပေါ် right-click လုပ်တာနဲ့ ကိုယ့်ရဲ့ Newsfeed ၊ Messages ၊ Events နဲ့ Friend List တွေကို ခုန်ကူးနိုင်ပါတယ်။ နောက် ဥပမာအနေနဲ့ Pin a New York times icon ကလည်း သူ့ရဲ့ top stories of the day စတာတွေကို ခုန်ကူးနိုင်ပါတယ်။

## Tracker တွေကို တားဆီးပါ

IE 9 ရဲ့ stop-tracking လုပ်ဆောင်ချက်က web ကို ဖြတ်ပြီး လုပ်ငန်းတွေကို ခြေရာခံတာမျိုးကို ကာကွယ်ပေးပါတယ်။ ဒီလုပ်ဆောင်ချက်လုပ်နိုင်ဖို့ browser ရဲ့ ထောင့်မှာရှိတဲ့ setting icon (the cog) ကို click လုပ်ပါ။ Safety Tracking protection ကို select လုပ်လိုက်ပါ။ ဒါဆိုရင် site တွေရဲ့ ခြေရာခံမှုကို အလိုအလျောက် ကာကွယ်ပေးမှာဖြစ်ပါတယ်။ ■

# TV က internet ထက် ပိုကောင်းတဲ့ အချက် ၁၀ ခု




1. TV channel တွေ ပြောင်းကြည့်ရဖို့ အချိန်တစ်မိနစ်တောင် မလိုဘူး။
2. TV လိုင်းတစ်လိုင်းကို ဖမ်းတဲ့အချိန်မှာ "Error message..." နဲ့ ကြုံဖူးပါသလား။
3. TV တို့ MRTV တို့မှာ အရောင်အသွေး မစိုပြေ မကောင်းမွန်မှုတွေနည်းပါးတယ်။
4. ညနေဘက်မှာ မိသားစုတွေ ဘယ် website ထဲ သွားကြည့်ကြမယ်ဆိုတဲ့ ငြင်းခုံမှုမျိုး မရှိနိုင်ဘူး။
5. Remote control ရဲ့ ခလုတ်တွေဟာ keyboard ထက် နည်းပါးပါတယ်။
6. အဆိုးဆုံး TV တောင်မှ "စနစ်တွေ ပြန်လည်ပြုပြင်နေပါတယ်" ဆိုတာမျိုး ပြောမလာပါဘူး။
7. TV တွေ လူကြည့်များလို့ နှေးသွားတယ်ဆိုတာမရှိပါဘူး။
8. Web တွေပေါ်က သတင်းရယ်၊ စီးပွားရေးရယ် ပေါင်းစပ်ထားတဲ့ Health Rider လိုပုံစံမျိုးကို TV မှာ တွေ့ရမှာမဟုတ်ပါဘူး။
9. မြန်မာ့အသံ၊ မြဝတီလို လိုင်းတွေခေါ်ကြည့်တဲ့အခါ set-top box တွေက အသံမြည်လာတာမျိုး ရှိမှာမဟုတ်ပါဘူး။
10. ဆိုဖာပေါ်မှာ လှဲရင်း လက်တစ်ဖက်က beer တစ်ခွက်၊ တခြားတစ်ဖက်က အမြည်းကိုင်ပြီး web ပေါ် လျှောက်သွားလို့ မရနိုင်ဘူး။ ■

ပုလဲ